ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၂၁/၂၀၁၈)

ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project
ဥက္ကဋ္ဌ ဦးမြင့်ဆွေပါ (၁၉)ဦး၊ အမှတ် (၄၀၆)၊
အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဒေါ်ဆွေဆွေအောင် (Cashier)
ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project
ရွှေကျင်မြို့နယ်ရုံးခွဲ၊ အမှတ် (၁၆၁)၊ ပွဲကုန်းရပ်ကွက်၊
ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် (၄၀၆) ရှိ ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project ဥက္ကဋ္ဌ ဦးမြင့်ဆွေပါ (၁၉)ဦးနှင့် ဒေါ်ဆွေဆွေအောင် (Cashier) Pact MARC Project (ရွှေကျင်ရုံးခွဲ) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရွှေကျင်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့်

ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဒေါ်ဆွေဆွေအောင် (Cashier)မှ ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project မှ စီမံကိန်းပြီးဆုံးသည်ဟုဆိုကာ ဝန်ထမ်းများ ပြန်လည်ရွေးချယ်ရာမှ လက်ရှိ Cashier တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဆွေဆွေအောင်အား လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်မှုများမှာ ကျေနပ်ဖွယ်မရှိသောကြောင့်လည်းကောင်း၊ Cashier ရာထူးအတွက် သတ်မှတ်ထားသော ပညာအရည်အချင်းမပြည့်မီ၍လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူကို ရွေးချယ်ခန့်ထားလိုက်ပြီး ရတနာ့မေတ္တာအဖွဲ့မှ ဒေါ်ဆွေဆွေအောင်အား အလုပ်ပြန်လည်မခန့်ထားဘဲ အလုပ်မှ ရပ်စဲလိုက်ခြင်းအပေါ် ကျေနပ်မှုမရှိ၍ တိုင်ကြားရာမှ ဖြစ်ပေါ်လာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project ဥက္ကဋ္ဌ ဦးမြင့်ဆွေမှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်-

| | |
|---|---|
| ကောက်ချက်အမှတ်(၁)။ | ဒေါ်ဆွေဆွေအောင်အား အလုပ်မှရပ်စဲခြင်း ရှိ/မရှိနှင့် အလုပ်မှရပ်စဲပါက အလုပ်ထုတ်နစ်နာကြေး ရထိုက်ခွင့်ရှိ/မရှိ။ |
| ဆုံးဖြတ်ချက်အမှတ်(၁)။ | ဒေါ်ဆွေဆွေအောင်အား အလုပ်မှရပ်စဲလိုက်သည့်အတွက် နို့တစ်ကြေးပေးရန်မလိုဘဲ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅) အရ နောက်ဆုံးထုတ်လစာ၂၅၀၀၀၀ိ/-ဖြင့် (၄) လစာ ကျပ်တစ်သယ်သိန်းကို အလုပ်ရှင်က ပေးရန် ဆုံးဖြတ်လိုက်သည်။ |

၄။ ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၈) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project ဥက္ကဋ္ဌ ဦးမြင့်ဆွေပါ (၁၉)ဦးမှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၂၀/၂၀၁၈)အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာန

ကိုယ်စားလှယ် ဦးဖေအောင်ဝန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးသန်းမောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်ဆွေဆွေအောင်အား အလုပ်မှရပ်စဲမှု နစ်နာကြေး ပေးသင့်/မပေးသင့်။

<u>တွေ့ရှိချက်</u>

၆။ ဤအငြင်းပွားမှုမှာ ထူးခြားသောအငြင်းပွားမှုဖြစ်ကြောင်း တွေ့ရှိရသည်။ အကြောင်းမှာကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုမဟုတ်ဘဲ ဝန်ဆောင်မှုလုပ်ငန်းစီမံကိန်း၊ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သော ရတနာ့မေတ္တာအဖွဲ့ (အရပ်ဖက်အဖွဲ့အစည်း/NGO) နှင့် ယင်းအဖွဲ့အစည်းတွင် လုပ်ကိုင်သော ဝန်ထမ်း/အလုပ်သမားတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုဖြစ်ကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

၇။ ရတနာ့မေတ္တာအဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာမှတ်ပုံတင်ခွင့်ပြုချက်ရယူကာ တိုင်းနှင့်ပြည်နယ် (၈)ခုရှိ မြို့နယ် (၁၇) မြို့နယ်တွင် ကျန်းမာရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ ဘာသာရေးနှင့် ငြိမ်းချမ်းရေးကဏ္ဍ စသည့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်းတွေ့ရှိရသည်။ ရတနာ့မေတ္တာအဖွဲ့သည် ယခုအငြင်းပွားမှုဖြစ်ပွားသည့် တောင်းဆိုသူဒေါ်ဆွေဆွေအောင်၏ ရွှေကျင်မြို့တွင် Pact MARC Project ကို ဆောင်ရွက်လျက်ရှိပြီး၊ ရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အခြေခံလူတန်းစားများ၏ စားဝတ်နေရေး သက်သာချောင်ချိစေရန် ရည်ရွယ်ပြီး အတိုးနှုန်းသက်သာစွာဖြင့် အသေးစားငွေချေးလုပ်ငန်းအား ဆောင်ရွက်ပြီး၊ ယင်းလုပ်ငန်းအတွက် တစ်နှစ်လျှင် တစ်ကြိမ် ဝန်ထမ်းဟောင်းများနှင့် ပြင်ပလျှောက်ထားသူများ

အား နှစ်စဉ်ပြန်လည်ရွေးချယ်ခန့်ထားခြင်းကို အလုပ်ခေါ်ယူသည့် ကြော်ငြာချက်ဖြင့် ခေါ်ယူ၍ လျှောက်လွှာတင်ခြင်း၊ ဝန်ထမ်းရွေးချယ်ခြင်း၊ ခန့်ထားခြင်းတို့ကို ပြုလုပ်ကြောင်း တွေ့ရှိရသည်။

၈။ ရတနာ့မေတ္တာအဖွဲ့သည် Pact MARC Project မှ ဝန်ထမ်းများအား တစ်နှစ်လျှင် တစ်ကြိမ် ဝန်ထမ်းဟောင်းများနှင့် ပြင်ပမှ အလုပ်လုပ်ကိုင်လိုသူများအား ပြန်လည်ရွေးချယ် ခန့်ထားခြင်းကို နှစ်စဉ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွက် လုပ်ကိုင်နေသော Project ဝန်ထမ်းများအား ၃၁-၁၂-၂၀၁၇ ရက်နေ့တွင် စီမံချက်သက်တမ်းပြီးဆုံးသဖြင့်၂၀၁၈ ခုနှစ်အတွက် စီမံချက်ကို စိတ်ဝင်စားသူများ လျှောက်ထားနိုင်ကြောင်း လျှောက်လွှာခေါ်ယူ၍ ဝန်ထမ်းခန့်ထား ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ထမ်းများအားလုံးအား အသိပေးသည်။ ဒေါ်ဆွေဆွေအောင် အပါအဝင် MARC Project ဝန်ထမ်းဟောင်း (၂၁)ဦးနှင့် ပြင်ပမှ (၁၁)ဦးတို့က အလုပ်ပြန်လည် လျှောက်ထားကြသည်။ ဒေါ်ဆွေဆွေအောင်မှာ ယခင်က (၃)ကြိမ်တိုင် သတိပေးအရေးယူခံထား ရခြင်း၊ ပညာအရည်အချင်းသတ်မှတ်ချက်ဖြစ်သော ဘွဲ့ရမဟုတ်ခြင်း၊ Cashier ငွေကိုင်ရာထူးတွင် ၎င်းနှင့်အပြိုင်လျှောက်ထားသူ ပြင်ပမှ ဒေါ်တင်မြတ်မြတ်ထွေးမှာ အင်တာဗျူးရမှတ်များခြင်း တို့ကြောင့် ပြင်ပအလုပ်လျှောက်ထားသူအား ရွေးချယ်ခဲ့ပြီး ဒေါ်ဆွေဆွေအောင်အား Project ဝန်ထမ်းအဖြစ် ရွေးချယ်ရာတွင်မပါဝင်ဘဲ အလုပ်ဆက်လက် ခန့်ထားခြင်းမပြုကြောင်း တွေ့ရှိရ သည်။

၉။ တောင်းဆိုသူ ဒေါ်ဆွေဆွေအောင် Cashier ဝန်ထမ်းသည် ရတနာ့မေတ္တာအဖွဲ့၏ Micro Finance အသေးစားငွေစုငွေချေးလုပ်ငန်း၌ ၅-၂-၂၀၁၃ ရက်နေ့တွင် Helper (ရုံးအကူ)အဖြစ် အလုပ်စတင်ဝင်ရောက်ပြီး (၅)လကျော်ခန့်တွင် ၎င်းအား Cashier ငွေကိုင်အဖြစ် ရာထူးတိုးမြှင့် ခန့်ထားသည်။ ဒေါ်ဆွေဆွေအောင်သည် ရတနာ့မေတ္တာအဖွဲ့တွင် Project ဝန်ထမ်းအဖြစ် ၅-၂-၂၀၁၃ ရက်နေ့မှ ၂၉-၁၂-၂၀၁၇ ရက်နေ့အထိ လုပ်သက် (၄)နှစ်နှင့် (၁၀)လကျော်ရှိပြီး လစာ ၂၅၀၀၀၀ိ/- ရရှိသည်။ ရတနာ့မေတ္တာအဖွဲ့က ၂၉-၁၂-၂၀၁၇ ရက်နေ့တွင် ဒေါ်ဆွေဆွေအောင်အား အလုပ်မှ နှုတ်ထွက်သွားသည်ဟုဆိုကာ ပြင်ပမှအလုပ်ခေါ်ယူ၍ ခန့်ထားခြင်းခံရသူ ဒေါ်တင်မြတ်မြတ်ထွေးအား လုပ်ငန်းတာဝန်များကို လွှဲပြောင်းစေခဲ့သည်။ ဒေါ်ဆွေဆွေအောင်က ၎င်းသည် မည်သည့်အချိန်ကာလမှ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ နှုတ်ထွက်မည်ဟု မပြောခဲ့ ကြောင်း၊ စီမံကိန်းကာလပြီးစီး၍ဟု အကြောင်းပြပြီး အလုပ်မှရပ်နားခံရသောကြောင့် နစ်နာမှုရှိ ကြောင်း ငွေကြေးနှင့် လုပ်ကိုင်ခဲ့သော တာဝန်ကြောင့် ပတ်ဝန်းကျင်တွင် အလုပ်ရပ်စဲခံရသည်မှာ

ငွေကြေးအရှုပ်အရှင်းကြောင့်ဟု ယူဆနေ၍ မိမိမှာ သိမ်ငယ်နေရကြောင်း၊ မိမိသည် ကိုယ်ဝန် (၇) လကျော်ရှိနေပြီး မွေးဖွားချိန်နီးသောအခါမှ အလုပ်ရပ်စဲခံရသဖြင့် နစ်နာကြောင်း၊ မိမိသဘောဆန္ဒမပါဘဲ အလုပ်မှကြိုတင်အသိပေးခြင်းမရှိဘဲ အလုပ်မှရပ်နားခံရသောကြောင့် နစ်နာမှုရှိကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့တွင် ထွက်ဆိုတင်ပြထားသည်ကို တွေ့ရှိရသည်။ (ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က ကြားနာစစ်ဆေးရာတွင် ဒေါ်ဆွေဆွေအောင်သည် ကလေးမီးဖွားနေသဖြင့် မလာရောက်နိုင်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၌ ထွက်ဆိုချက်များအတိုင်း ဖြစ်ပါကြောင်းနှင့် ဆုံးဖြတ်ချက်အတိုင်း လိုက်နာပါမည်ဖြစ်ကြောင်း ဖော်ပြ၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ ရုံးတော်သို့ ခွင့်တိုင်ကြားခဲ့သည်။)

<u>သုံးသပ်ချက်</u>

၁၀။ ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project မှ စီမံကိန်းပြီးဆုံးပြီဟုဆိုကာ ယင်း Project တွင် လုပ်ကိုင်လိုသူများအား အလုပ်ခေါ်ယူသည့် ကြော်ငြာထုတ်ပြန်ပြီး ဝန်ထမ်း/အလုပ်သမားများအား ခေါ်ယူခန့်ထားခြင်းသည် ရတနာ့မေတ္တာအဖွဲ့၏ စီမံခန့်ခွဲမှုအားနည်းချက်ပင်ဖြစ်သည်။ စီမံကိန်းပြီးဆုံးခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါလျက် Project အတွက် လစ်လပ်ရာထူးနေရာများမရှိဘဲ အလုပ်ခေါ်ကြော်ငြာဖြင့် ဝန်ထမ်းသစ်များကို ခေါ်ယူခန့်ထားခြင်းမှာ Project ဝန်ထမ်းဟောင်းများအတွက် လူမှုရေးတရားမျှတမှုမရှိစေဘဲ၊ ယင်းတို့၏ အလုပ်အကိုင်တည်မြဲရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးနစ်နာရခြင်းများဖြစ်ပေါ်လာရသည်ဟု ဆိုနိုင်သည်။ ရတနာ့မေတ္တာအဖွဲ့သည် တည်ဆဲအလုပ်သမားဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ မဟုတ်သော လူမှုတရားမျှတမှုမရှိသည့်အတွက် စီမံခန့်ခွဲမှုအားနည်းချက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

၁၁။ လျှောက်ထားသူ (ရတနာ့မေတ္တာအဖွဲ့ ဥက္ကဋ္ဌ/စီမံခန့်ခွဲသူ)သည် စီမံကိန်း/စီမံချက်စာချုပ်ကို အခြားသော Project ဝန်ထမ်းများနှင့် ချုပ်ဆိုထားသော်လည်း ဒေါ်ဆွေဆွေအောင်အား ချုပ်ဆိုထားခြင်းမရှိပေ။ ဒေါ်ဆွေဆွေအောင်သည် ၅-၃-၂၀၁၃ ရက်နေ့မှ ၂၈-၁၂-၂၀၁၇ ရက်နေ့အထိ လုပ်သက်တစ်ဆက်တည်း (၄) နှစ်နှင့် (၁၀) လကျော်ရှိခဲ့ခြင်း၊ အလုပ်မှထုတ်ပယ်နိုင်လောက်သည့် ကြီးလေးသောပြစ်မှုမျိုးကို ကျူးလွန်ဖောက်ဖျက်မှုမရှိခြင်း၊ စီမံကိန်းစာချုပ် ချုပ်ဆိုထားမှုမရှိခြင်း၊ ကလေးမီးဖွားခါနီး မိခင်တစ်ဦးအနေဖြင့် မည်သည့်နစ်နာကြေးမျှမပေးဘဲ အလုပ်

ပြန်လည်မခန့်ထားခြင်းတို့မှာ ၎င်းအား အလုပ်မှရပ်စဲခြင်းပင်ဖြစ်သည်ဟု ဆိုရပေမည်။ တည်ဆဲ အလုပ်သမားဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသော အလုပ်ရပ်စဲစေခြင်းအတွက် ဒေါ်ဆွေဆွေအောင်အား ဥပဒေအရလည်းကောင်း၊ လူမှုရေးတရားမျှတမှုအရလည်းကောင်း၊ အလုပ်ပြန်လည်ခန့်ထားသင့်ပေသည်။ အလုပ်ပြန်လည်ခန့်ထားခြင်းမပြုနိုင်ပါက ဒေါ်ဆွေဆွေအောင်သည် ဥပဒေနှင့်အညီ နစ်နာကြေးရသင့်သည်ဟု သုံးသပ်ရရှိသည်။

၁၂။ ရတနာ့မေတ္တာအဖွဲ့သည် Project လုပ်ငန်းကို စတင်လုပ်ကိုင်စဉ်ကပင် ဝန်ထမ်းများကို ခေါ်ယူခန့်အပ်ရာ၌ ဒေါ်ဆွေဆွေအောင်သည် အခြေခံပညာအထက်တန်းအောင်သည့် ပညာအရည်အချင်းဖြင့် ၅-၃-၂၀၁၃ ရက်နေ့တွင် Helper ရုံးအကူ ရာထူးတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁-၇-၂၀၁၃ ရက်နေ့မှ ၂၉-၁၂-၂၀၁၇ ရက်နေ့အထိ Cashier ငွေကိုင်ရာထူးဖြင့် လုပ်သက် (၄)နှစ်၊ (၁၀)လကျော် လုပ်ကိုင်ခဲ့ပြီးမှ ၂၀၁၈ ခုနှစ်အတွက် ရတနာ့မေတ္တာအဖွဲ့က Project လုပ်ငန်းတွင် Cashier ရာထူးခေါ်ဆိုရာတွင် ပညာအရည်အချင်းကို ဘွဲ့ရဟု ပြောင်းလဲသတ်မှတ်ပြီး၊ အလုပ်ခေါ်ယူခြင်းမှာလည်း ဒေါ်ဆွေဆွေအောင်အား ၎င်း၏ ပညာအရည်အချင်းထက်သာသူ ပြင်ပလျှောက်ထားသူ၏ အင်တာဗျူးရမှတ်ထက် နည်းစေရန်အကြောင်းဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ်၊ Project လုပ်ငန်းတွင် Cashier ရာထူးအတွက် ဒေါ်ဆွေဆွေအောင်အား အလုပ်ဆက်လက် မခန့်ထားနိုင်ကြောင်း အကြောင်းခြင်းရာကို ဖြစ်ပေါ်စေသည်။ ဝန်ထမ်း/အလုပ်သမားအား ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရမည်ကို ရှောင်လွှဲခြင်းဖြစ်ကြောင်း ယူဆနိုင်ဖွယ်ရှိသည်။ Project စီမံကိန်း ရပ်ဆိုင်းသည်ဟုဆိုပါက ဤလုပ်ငန်း Project အတွက် ဝန်ထမ်းများအား အလုပ်ခေါ်ယူကြောင်း ကြော်ငြာချက်ဖြင့် အလုပ်လျှောက်လွှာခေါ်ယူပြီး၊ အလုပ်ခန့်ထားဆောင်ရွက်ခြင်းမျိုးကို မပြုလုပ်သင့်ပေ။ Project စီမံကိန်းပြီးဆုံးသည်ဆိုသည်ကပင် လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂(ဓ)တွင် အလုပ်အင်အားလျှော့ခြင်း သို့မဟုတ် အလုပ်ပိတ်ခြင်းအပါအဝင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းမရှိသည့် အလုပ်ရပ်စဲခြင်း၊ အလုပ်ထုတ်ခြင်းတို့အတွက် အလုပ်ရှင်က အလုပ်သမားအား ပေးရမည့်နစ်နာကြေးကို အဓိပ္ပါယ်ဖွင့်ဆိုပြဋ္ဌာန်းထားသည့်အတိုင်း ယင်းသို့ လုပ်ငန်းရပ်ဆိုင်းခြင်း၊ အလုပ်ပိတ်သိမ်းခြင်းအတွက်ယင်း Project ဝန်ထမ်း/အလုပ်သမားများအား နစ်နာကြေးပေးရန် ရတနာ့မေတ္တာအဖွဲ့တွင် တာဝန်ရှိကြောင်း သုံးသပ်ရရှိသည်။

၁၃။ ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ဒေါ်ဆွေဆွေအောင်သည် ရတနာ့မေတ္တာအဖွဲ့ Pact MARC Project မှ ၂၀၁၈ ခုနှစ်အတွက် Cashier ရာထူး ခေါ်ဆိုရာတွင် ပညာအရည်အချင်းဘွဲ့ရဟုပါရှိသဖြင့် အခြေခံပညာအထက်တန်းအောင်မြင်ထားသော ဒေါ်ဆွေဆွေအောင်အား အလုပ်ပြန်လည်ခန့်ထားရန် မဖြစ်နိုင်ကြောင်း၊ သို့သော် အလုပ်ရပ်စဲမှုအတွက် ဥပဒေအရ နစ်နာကြေးခံစားသင့်ကြောင်း သုံးသပ်၍ ဒေါ်ဆွေဆွေအောင်၏ နောက်ဆုံးထုတ်လစာ ၂၅၀၀၀၀ိ/-ဖြင့် ၎င်း၏လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေး (၄)လစာ ၁၀၀၀၀၀၀ိ/- (ကျပ်တစ်ဆယ်သိန်းတိတိ)ကိုပေးရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ရတနာ့မေတ္တာအဖွဲ့၏ ဥက္ကဋ္ဌ/ စီမံခန့်ခွဲသူ ဦးမြင့်ဆွေက ရတနာ့မေတ္တာအဖွဲ့ Project လုပ်ငန်း၏ တစ်နှစ်စာချုပ်သက်တမ်းကုန်ပါကြောင်း၊ တစ်နှစ်သက်တမ်းစာချုပ်မကုန်ခင် ဒီဇင်ဘာလတွင် တစ်လကြိုတင်၍ သက်တမ်းကုန်ကြောင်း အသိပေးပြောကြားခဲ့ပါကြောင်း၊ ဒေါ်ဆွေဆွေအောင်အား အလုပ်ပြန်လည်ခန့်ထားခြင်းမပြုနိုင်သကဲ့သို့ ရတနာ့မေတ္တာအဖွဲ့က အလုပ်ရပ်စဲမှုနစ်နာကြေးကိုလည်း မပေးနိုင်ပါကြောင်း၊ မိမိတို့သည် လစာမယူဘဲ စေတနာ့ဝန်ထမ်းလုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ရတနာ့မေတ္တာအဖွဲ့သည် NGO အဖွဲ့ဖြစ်၍ တစ်ကြိမ်တစ်ခါမျှ အဖွဲ့ပိုင်ငွေဖြင့် ပေးအပ်သုံးစွဲခဲ့ခြင်း မရှိခဲ့ကြောင်း၊ ရတနာ့မေတ္တာအဖွဲ့၏ကိုယ်စား ဥက္ကဋ္ဌအနေဖြင့် ဒေါ်ဆွေဆွေအောင်သည် အိမ်ထောင်သည် ကလေး(၄)ယောက်မိခင်ဖြစ်ခြင်း၊ ကလေးမီးဖွားပြီးခါစဖြစ်သည့် မိခင်တစ်ဦးဖြစ်ခြင်းနှင့် ၎င်း၏ကြုံတွေ့နေရသော လူမှုရေးဒုက္ခများကို ငဲ့ညှာထောက်ထား၍ ၎င်း၏ (၄)လစာ နှင့်ညီမျှသော ထောက်ပံ့ငွေကို လူမှုကရုဏာကြေးအဖြစ် မိမိကိုယ်ပိုင်ငွေဖြင့် စေတနာအလျောက် ပေးနိုင်ပါကြောင်း ခုံအဖွဲ့ရှေ့မှောက်တွင် ထွက်ဆိုတင်ပြသည်။ ယင်းထွက်ဆိုချက်သည် လူမှုရေးတရားမျှတမှု များစွာဖြစ်ပေါ်သဖြင့် လျှောက်ထားတင်ပြသူ ဦးမြင့်ဆွေ၏ ထွက်ဆိုချက်ကို အလေးထားအသိအမှတ်ပြု၍ ဤအငြင်းပွားမှုအား ဆင်ခြင်သုံးသပ်ဆုံးဖြတ်ပေးရန် ဖြစ်ပေသည်။ ဤအငြင်းပွားမှုတွင် လျှောက်ထားသူ ရတနာ့မေတ္တာအဖွဲ့က အလုပ်ပြန်လည်မခန့်ထားလိုခြင်းနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးမပေးလိုသည့် သဘောဆန္ဒလည်းပြည့်ဝစေ၊ လျှောက်ထားခံရသူ ဒေါ်ဆွေဆွေအောင်က အလုပ်ပြန်လည်မခန့်ထားပါက ဥပဒေအရ နစ်နာကြေးရလိုကြောင်း တောင်းဆိုသည့် သဘောထားဆန္ဒလည်း ပြည့်ဝစေရန်အလို့ငှာ လျှောက်ထားသူ ဦးမြင့်ဆွေက လျှောက်ထားခြင်းခံရသူ

ဒေါ်ဆွေဆွေအောင်၏ လူမှုရေးဒုက္ခကို ငဲ့ညှာထောက်ထား၍ ပေးအပ်မည့် ၎င်း၏ (၄)လစာနှင့် ညီမျှသော လူမှုကရုဏာကြေးငွေကို ခံစားရရှိစေသင့်ကြောင်း သုံးသပ်သည်။

<u>အကြံပြုတိုက်တွန်းချက်</u>

၁၄။ ရတနာ့မေတ္တာအဖွဲ့၏ Pact MARC Project သည် Micro Finance အသေးစား ချေးငွေ လုပ်ငန်းကို ၂၀၁၃ ခုနှစ်မှစ၍ ယခုတိုင် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နှစ်ရှည် Project စီမံကိန်းလုပ်ငန်းဖြစ်သည်ဟု ဆိုနိုင်သည်။ Project ဝန်ထမ်းများအား ခန့်ထားရာတွင် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ (၁) (က) အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (Employment Contract) ဖြင့် ချုပ်ဆိုခန့်ထား ဆောင်ရွက်သင့်သည်။ Project ဝန်ထမ်းများအား တစ်နှစ်စီ စီမံကိန်း၊ စီမံချက်သက်တမ်းဖြင့် မိမိတို့အဖွဲ့၏ စာချုပ်ဖြင့် ခန့်ထားရာ၌ မိမိတို့စာချုပ်သက်တမ်းကုန်ဆုံးပါက အလုပ်အကိုင်သစ် အဖြစ် Project ဝန်ထမ်းများအား ပြန်လည်ရွေးချယ်၍ ခန့်ထားသည်။ ယင်းသို့ ခန့်ထားရာတွင် ဝန်ထမ်းဟောင်းများကို အစမ်းခန့် (၃)လ ပြန်လည်သတ်မှတ်ပြီး (၁)နှစ်စာချုပ်ဖြင့် အသစ် ပြန်လည်ခန့်အပ်သည့်အတွက် (က) ဝန်ထမ်းများသည် ယခင်မိမိတို့လုပ်ကိုင်ခဲ့သော လုပ်သက်များ ပြတ်တောက်ခံရခြင်း၊ (ခ) လုပ်ငန်းလည်ပတ်မှုကို တစ်စုံတစ်ရာထိခိုက်စေခြင်း၊ (ဂ) အလုပ်ခွင် တည်မြဲပိုင်ခွင့် ဆုံးရှုံးခြင်း၊ (ဃ) ဝန်ထမ်းများ၏ လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ်ဖြစ် ပေါ်စေခြင်းနှင့် (င) ယခုကဲ့သို့ အငြင်းပွားမှုများမှာ နောင်တွင်လည်း ဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။ ရတနာ့မေတ္တာအဖွဲ့အနေဖြင့် ယခုကဲ့သို့ နှစ်အလိုက် Project ဝန်ထမ်းများကို အလုပ်ပြန်လည် ခန့်ထားခြင်းအစီအမံကို မပြုလုပ်သင့်ပေ။ Project ပိတ်သိမ်းရပ်နားသွားသည့် အချိန်အထိ Project ဝန်ထမ်းများနှင့်သာ ဆောင်ရွက်လုပ်ကိုင်သင့်သည်။ ယင်းဝန်ထမ်းများအား တည်ဆဲ အလုပ်သမားဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (EC စာချုပ်) ကို ချုပ်ဆို၍ လုပ်ကိုင်သင့်ကြောင်း ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က အကြံပြုတိုက်တွန်းလိုက်သည်။

၁၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တွင် ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိသဖြင့် ရတနာ့မေတ္တာအဖွဲ့၊Pact MARC Project ဥက္ကဋ္ဌ ဦးမြင့်ဆွေ၏ လျှောက်ထား လာသည့် ဤအငြင်းပွားမှုအား ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး

နည်းဥပဒေ ၂၃ (င)ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးလျက် အောက်ပါအတိုင်း စီရင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ပဲခူးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁/၂၀၁၈) အပေါ် ၆-၃-၂၀၁၈ ရက်စွဲပါ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

(ခ) ရတနာ့မေတ္တာအဖွဲ့၊ Pact MARC Project ၏ ဥက္ကဋ္ဌဖြစ်သူ ဦးမြင့်ဆွေက ဒေါ်ဆွေဆွေအောင်အား ၎င်း၏လူမှုရေးဒုက္ခများကို ငဲ့ညှာစာနာထောက်ထား၍ ပေးအပ်မည့် လူမှုကရုဏာ ကြေးငွေ ၁,၀၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ) ပေးစေရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၆။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးဖေအောင်ဝန် | ဦးတင်ထွန်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |